
Max Myanmar Group

# Newsletter

April 2020 Edition



ကျန်းမာရေး ဝန်ထမ်းများအတွက်

## ကျန်းမာရေးရန်ပုံငွေ ကျပ်သိန်း(၅၀၀၀) ပံ့ပိုးလှူဒါန်း









| | |
|---|---|
| Cover News | ၃ |
| ကဗျာ | ၄ |
| တစ်လတာ မက်စ်မြန်မာ သတင်းဖွယ်ဖွယ်ရာရာ | ၅၊ ၆၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၂၁၊ ၂၂ |
| Football News | ၁၉ |
| Article ~ ဉာဏ်တိုး (Group HR) | ၇၊ ၈ |
| ဓာတ်ပုံသတင်းစာမျက်နှာ | ၁၁ |
| Article ~ သံမျိုင်ဦး | ၁၂၊ ၁၃၊ ၁၄၊ ၁၅ |
| အခြားသတင်းများ | ၂၀ |
| CSR Activites | ၁၆ |
| Health Care | ၂၃ |



# ကျန်းမာရေး ဝန်ထမ်းများအတွက် ဧရာဝတီဖောင်ဒေးရှင်းမှ ကျပ်သိန်း ၅,၀၀၀ လှူဒါန်း







ဦးဇော်ဇော်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ထွေးနှင့် ဆွေးနွေးတိုင်ပင်၍ ကူးစက်မြန်အဆုတ်ရောင်ရောဂါ Coronavirus Disease 2019 (COVID–19) ကာကွယ်ကုသရေးနှင့် စပ်လျဉ်း၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် ဧရာဝတီဖောင်ဒေးရှင်းနှင့် AYA SOMPO အာမခံကုမ္ပဏီလီမိတက်တို့မှ ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ကျပ်သိန်း (၅,၀၀၀) တိတိကို မတည်ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့အတူ ဝေဘာဂီအထူးကုဆေးရုံကြီးမှ နေရေးထိုင်ရေး အခက်အခဲကြုံနေရသော ဆရာဝန်၊ သူနာပြုများ အနေဖြင့် AYA Bank သင်တန်းကျောင်းတွင် အဆင်ပြေစွာ နေထိုင် စားသောက်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါသည်။

# အပြုံးများနဲ့ ရတုအိပ်မက်

တောင်ဖီလာ ဌာနေတိုင်းဆီက
စမ်းချောင်းခွေတောင်ခြေနားမှာ
တည်ဆောက်ကာ ကြည့်ရှုမဆုံးတယ်
မက်စ်ဘီလပ်မြေစက်ရုံအလှ
ဝင့်ထည်လို့ မဆုံး။

တက်ကြွလို့ အပြုံးကိုယ်စီ
အချိန်မီ အရောက်သာမြန်းလို့
ကုန်ကြမ်းကို ကုန်ချောထုတ်မယ်
လုပ်ငန်းခွင် ပြိုင်တူဝင်ကြတယ်
ညီညွတ်လို့မဆုံး။

နိုင်ငံတကာ စံချိန်မီ
ခိုင်မာတဲ့ အရည်အသွေးနဲ့
စက်ကောင်းအောင် ရေရှည်ထိန်းလို့
မက်စ်ဘီလပ်မြေ မှန်မှန်ထုတ်မယ်
ဈေးကွက်ဝင် ထိပ်ဆုံး။

အခက်အခဲတွေ ကျော်ကာဖြတ်လို့
သံပြုံရတုဆီ တိုင်ခဲ့ပြီ
ရှေ့သို့သာ မှန်မှန်ဆက်ကာချီ
ရတုများစွာ မော်ကွန်းထိုးဖို့ကွယ်
တွဲလက်တွေ ခိုင်ခိုင်မြဲကြတယ်
အပြုံးတွေမဆုံး။

■ မြင့်ဝေ









# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရေး ရွှေရောင်ပြနှင့်ဒေသခံများ ပူးပေါင်းဆောင်ရွက်

ရွှေရောင်ပြရာဘာခြံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များကို မက်စ်မြန်မာကုမ္ပဏီအုပ်စု၏လမ်းညွှန်ချက်များအပါအဝင် မိမိတို့၏လုပ်ငန်းနှင့်သင့်လျော်သော စီမံချက်များအတိုင်းအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံရွာများတွင်နေထိုင်သည့် လုပ်သားများ ခြံအတွင်းနေထိုင်၍ အလုပ်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးခြင်း၊ ရာဘာခြံအတွင်းမှ ပြင်ပသွားရောက်ပြီး ပြန်လည်ရောက်ရှိပါက ပိုးမွှားသန့်စင်ပေးသည့် ကျန်းမာရေးအစီအမံများ၊ ဝန်ထမ်းများနှင့် ရာဘာခြံ လုပ်သားများ၏ကျန်းမာရေးအတွက် လုပ်သားသစ်များလက်မခံခြင်းအစီအစဉ်များကို ပြုလုပ်ထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ချက်များကို အတွင်းရွာများမှတာဝန်ရှိသူများ၊ ဒေသခံများနှင့် ချိတ်ဆက်၍ ကျန်းမာရေးအသိပညာပေးအစီအစဉ်များနှင့် Isolated Area အဖြစ်နေထိုင်ကြရန် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဝန်ထမ်းများနှင့် ရာဘာခြံလုပ်သားများ၏ နေထိုင်စားသောက်ရေး အတွက် သက်သာဆိုင်များတွင် အခြေခံစားသောက်ကုန်များနှင့်ကုန်စည်များမပြတ်လပ်စေရန် ပြင်ဆင်ထားပြီး နေ့စဉ်လုပ်အားခများပေးချေ၍ဝန်ထမ်းများငွေကြေးအခက်အခဲမရှိစေရန် ဆောင်ရွက်ထားသည်။

## ကိုဗစ်ကာကွယ်ရေးMax Highwayပြင်ဆင်



Max Highwayကုမ္ပဏီဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ရုံးချုပ်နှင့်တိုးဂိတ်များ၊ ဝန်ထမ်းအဆောင်များတွင်ပိုးသတ်ဆေးဖြန်းခြင်း၊ ကိုဗစ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များအား အချိန်နှင့်တစ်ပြေးညီ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါသည်။








# COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ စီမံဆောင်ရွက်

*ရန်ကုန်၊ မတ် ၁၈*

မက်စ်မြန်မာကုမ္ပဏီအုပ်စုသည် ကမ္ဘာ့နိုင်ငံအများအပြားတွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းများကို ကြိုပို့ယာဉ်ပေါ်သို့မတက်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ရုံး၊ လုပ်ငန်းခွင်များသို့ ဝင်ရောက်လာသူများကို ကိုယ်အပူချိန် တိုင်းတာပြီးမှဝင်ရောက်စေခြင်း၊ Surgical Mask များ ဝေငှပေးခြင်း၊ ကြိုပို့ယာဉ်များအပါအဝင် လုပ်ငန်းခွင်အတွင်း Hand Sanitizerများ လုံလောက်စွာထားရှိပေးခြင်း၊ ရောဂါကူးစက်နိုင်သည့် လူအများ ထိတွေ့ကိုင်တွယ်သည့် နေရာများကို အကြိမ်ကြိမ်သန့်ရှင်းရေး ပြန်လည်ပြုလုပ်ရန် စီမံထားရှိခြင်း၊ တစ်ခါသုံး စက္ကူ၊ တစ်ခါသုံးသောက်ရေခွက်များ အစားထိုး ထားရှိခြင်းများကို ဆောင်ရွက်ထားရှိပါသည်။ ထို့အတူ ဝန်ထမ်းများ ကျန်းမာရေးအသိပညာ ရှိစေရန်အတွက် လုပ်ငန်းခွင်နေရာအနှံ့အပြားတွင် ကပ်ပေးထားပါသည်။ Public နှင့် ထိတွေ့ဆက်ဆံရသည့်လုပ်ငန်းခွင်များတွင်လည်း ထိန်းချုပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လူစုလူဝေးမဖြစ်ပေါ်စေရန်၊ နီးကပ်စွာ အတူတကွ လုပ်ကိုင်ရခြင်းများမရှိစေရန်အတွက်လည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားသည့်အပြင် ရုံးချုပ်ထမင်းစားဆောင်ကဲ့သို့ လူအများစု တပြိုင်နက် စုဝေးနိုင်သည့်နေရာများကိုလည်း စားသုံးသည့်လူဦးရေ လျှော့ချနိုင်မည့် အစီအမံများ ပြုလုပ်ထားရှိပါသည်။ ကိုယ်အပူချိန် ၃၈ ဒီဂရီ စင်တီဂရိတ်အထက်ရှိသူများကို တွေ့ရှိပါက အဆင့်ဆင့်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲထားပြီး ရောဂါသံသယရှိသူကို တွေ့ရှိပါက Max Myanmar Covid-19 Taskforceသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန် ထုတ်ပြန်ထားပါသည်။



# ဝန်ထမ်းတွေကို အလုပ်များအောင်ထားကြပါ

ညာဏ်တိုး (Group HR)

အဖွဲ့ အစည်းတစ်ခု လည်ပတ်တဲ့နေရာမှာ ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို Top Management၊ Middle Managementနဲ့ Working Levelဆိုပြီးတော့ ယေဘုယျအားဖြင့် အလွှာ(၃)လွှာနဲ့ ဖွဲ့စည်းထားတယ်လို့ ပြောလို့ရပါတယ်။

Working Levelထဲမှာပါတဲ့ ဝန်ထမ်းငယ်တွေဟာ ဘွဲ့ရပြီးကာစဖြစ်သူ၊ လုပ်ငန်းအတွေ့အကြုံနုနယ်သူတို့ရဲ့ အဓိကဝင်ပေါက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီLevelမှာ တစ်နေ့ကို (၈)နာရီ အချိန်ပေးပြီး လခစားနေရသူပေါ့။ တစ်နည်းအားဖြင့် မိမိအချိန်နဲ့ကိုယ်ရတဲ့လစာနဲ့ လဲရသူတွေပေါ့။

Middle Management Level ကို ရောက်လာတဲ့အခါ လုပ်ငန်းအတွေ့အကြုံလည်း အတော်အသင့်ရလာပြီးကျွမ်းကျင်မှုပါ ပါလာတာကြောင့် အချိန်နဲ့ ကျွမ်းကျင်မှု (skill)ကို လုပ်ခလစာနဲ့လဲရသူတွေလို့ ဆိုကြပါတယ်။

Top Management Level ကို ရောက်လာပြီဆိုရင်တော့ အချိန်(time)ရယ်၊ ကျွမ်းကျင်မှု(skill)ရယ်၊ ရလဒ်(results)ရယ် ဒီ၃ခုနဲ့ လုပ်ခလစာနဲ့လဲရသူတွေဖြစ်လာကြပါတယ်။

Management Levelကို တက်လှမ်းလာကြတဲ့အခါ Head of Department ဖြစ်ဖြစ်၊ Head of Bussiness Unitဖြစ်ဖြစ် မိမိလက်ထောက်ဝန်ထမ်းပေါင်းများစွာနဲ့

Coachingလုပ်တာတွေ၊ Sharingလုပ်တာတွေ အပြင် Assignmentတွေကို မပြတ်ချပေးထားဖို့ အလွန်အရေးကြီးလှပါတယ်။

တစ်ခါက ရွာတစ်ရွာမှာ အင်မတန် အလုပ်ခိုင်းတတ်တဲ့ သူဌေးကြီးတစ်ဦးရှိသတဲ့။ စေ့စေ့စပ်စပ်ခိုင်းတတ်လွန်းတာကြောင့် ဘယ်သူမှ သူ့ဆီမှာ အလုပ်မလုပ်လိုကြပါဘူး။ ဒါကြောင့် တစ်နေ့တော့ ရွာထဲသွားပြီး သူ့ဆီမှာ အလုပ်လုပ်မယ့်သူတွေကို ရှာဖွေစည်းရုံးပါသတဲ့။ ဒါနဲ့ အရူးတစ်ယောက်ကိုတွေ့ပြီး သူ့ထံမှာ အလုပ်လုပ်ဖို့ ခေါ်ယူစည်းရုံးပါတယ်။ သူဌေးကြီး သူ့အိမ်ကို အရူးရောက်လာတာနဲ့ချက်ချင်းပဲ ရေခပ်၊ ထင်းခွေ၊ နွားကျောင်း၊ နွားစာစဉ်း၊ နွားရေတိုက် စသဖြင့် နေဝင်မိုးချုပ်တဲ့အထိ အလုပ်နဲ့လက်မပြတ်စေရအောင်ခိုင်းသတဲ့။

ဒီလိုနဲ့ ရက်အနည်းငယ်ကြာတော့ အရူးလည်း အလုပ်မဆင်းတော့ဘူးပေါ့။ သူဌေးကြီးကလည်း အရူးကိုတွေ့အောင်ရှာပြီး မေးပါသတဲ့။



“မင်း..ဘာလို့ အလုပ်မလာတာလဲ”

အရူးက ပြန်ဖြေသတဲ့

“ကျုပ်ရူးတာ ခင်ဗျားလည်းသိတယ်။ တစ်ရွာလုံးလည်းသိတယ်။ ဒါပေမဲ့ ခင်ဗျားခိုင်းတာ ကျုပ်မှာ ရူးဖို့အချိန်တောင် မရတော့ဘူးဖြစ်နေပါတယ်”

ဒီပုံပြင်လေးဖတ်ကြည့်ပြီးတော့ စဉ်းစားမိတယ်။ ရူးဖို့အချိန်မရတာ ပိုကောင်းသလားပေါ့။

အလကားအားနေတဲ့လက်နဲ့ ဦးနှောက်ဟာအကုသိုလ်ကိုဖိတ်ခေါ်နေတာလို့ ဖတ်ဖူးခဲ့ပါတယ်။ ဒါကြောင့် အလကားအားနေတဲ့ဝန်ထမ်းများဟာ လုပ်ငန်းခွင်မှာ မလိုလားအပ်တဲ့ Conflictတွေကို လုပ်ဆောင်နေတာထက်စာရင် အလုပ်များနဲ့ အလုပ်ရှုပ်နေတာ ပို၍မကောင်းပေဘူးလား။

Management Level ရောက်လာရင် မိမိရဲ့ဝန်ထမ်းတွေကို assignmentတွေနဲ့ busyဖြစ်အောင် တာဝန်ခွဲဝေပေးရမှာ ဖြစ်ပါတယ်။

Management Levelဝန်ထမ်းတစ်ယောက်အနေနဲ့ ရေနွေးခရားထဲမှာ ရေတွေပြည့်နေအောင် ဝမ်းစာဖြည့်ဖို့လည်း လိုပါတယ်။ ဒါမှ ဝန်ထမ်းငယ်တွေရဲ့ခွက်ထဲကို ရေနွေးလို့ခေါ်တဲ့ ပညာတွေထည့်ပေးနိုင်မှာ ဖြစ်ပါတယ်။

လူကြီးများလည်း ဝမ်းစာဖြည့်ပါ။
လူငယ်များလည်း Assignmentတွေနဲ့ Busyဖြစ်ပါစေ။

**ဉာဏ်တိုး** (Group HR)









# မက်စ်ဘီလပ်မြေ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းကပ်ခြင်းနှင့်အခြားအစီအစဉ်များပြုလုပ်

မက်စ်ဘီလပ်မြေကုမ္ပဏီ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်း၊ (၁၀)နှစ်ပြည့် အမှတ်တရ ကိတ်မုန့်ခွဲခြင်းနှင့် ဝန်ထမ်းများအား ကံစမ်းမဲများရွေးချယ်၍ အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်း အစီအစဉ်ကို ၂၀၂၀ခုနှစ် မတ်လ ၁၉ရက်နေ့တွင်  တောင်ဖီလာရှိ မက်စ်ဘီလပ်မြေစက်ရုံနှင့် ရန်ကုန် ရုံးချုပ်တို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မက်စ်ဘီလပ်မြေမှ အုပ်ချုပ်မှုတာဝန်ခံများနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ အုပ်ချုပ်မှု တာဝန်ခံများသည်  မတ်လ ၁၉ရက်နေ့ နံနက်ပိုင်းတွင် သံဃာတော်အရှင်သူမြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူ၍ လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေနှင့်နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြပါသည်။ မွန်းလွဲပိုင်းတွင် ရုံးအစည်းအဝေးခန်းမ၌ မက်စ်မြန်မာကုမ္ပဏီအုပ်စု အုပ်ချုပ်မှု တာဝန်ခံများမှ ဝန်ထမ်းများအတွက် ကံစမ်းမဲနှိုက်၍ အမှတ်တရပစ္စည်းများကိုပေးအပ်ကာ ပျော်ရွှင်စွာဖြင့် (၁၀)နှစ်ပြည့်အမှတ်တရ ကိတ်မုန့်ခွဲခဲ့ကြသည်။

## ၁နှစ်တာအတွက် ဝန်ထမ်းကောင်းဆု ချီးမြှင့်

မက်စ်ဘီလပ်မြေစက်ရုံ(၁၀)နှစ်ပြည့်အထိမ်းမှတ် အထူးအစီအစဉ်ကို စက်ရုံရှိရာ တောင်ဖီလာတွင် ကျင်းပခဲ့ပြီး တစ်နှစ်တာ အကောင်းဆုံးဝန်ထမ်းဆုကိုရွေးချယ်ခဲ့ရာတွင် မီးသင်းဖိုဌာနမှ Supervisor Grade(1) ဦးသောင်းအေးမှရရှိခဲ့ပြီး ဆုကို Group HR Director ဦးညဏ်တိုးမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။





## Max Myanmar Group HRဌာနမှ တာဝန်ရှိသူများ နေပြည်တော်၌သင်တန်းပို့ချ

Max Hotels Groupမှ တာဝန်ရှိသူများသည် Max Myanmar Group HR ဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန်ရည်ရွယ်၍ The Law of Adaptability၊ Stress Management နှင့် Awareness on Workplace Harassment အကြောင်းအရာများကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ(၂၄)မှ (၂၈)ရက်အထိ Hotel Max Nay Pyi Tawရှိ Ball Room တွင် သင်တန်းပို့ချပေးခဲ့ပါသည်။

သင်တန်းကို Max Myanmar Group HR ဌာနမှ ဒေါ်ရတနာမြင့်ဦးနှင့်ဦးဝေယံထွန်းတို့မှ ဆွေးနွေးပေးခဲ့ပြီး Max Hotelရှိ ဌာနအသီးသီးမှ ဝန်ထမ်း၇၅ဦးနှင့် Max Cement Factoryမှ ဝန်ထမ်း ၂၀ဦး တက်ရောက်ခဲ့ပါသည်။



## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ Max Myanmarမှတက်ရောက်

BCGE၏ Leader Memberဖြစ်သည့် မက်စ်မြန်မာအနေဖြင့် လုပ်ငန်းခွင်အတွင်း သာတူညီမျှသော အခွင့်အလမ်းများရရှိစေရန် စံချိန်စံနှုန်းများ၊ ပေါ်လစီများနှင့် Workplace Gender Equality ဆိုင်ရာ လုပ်ငန်းစဉ်များကို အစဉ်အမြဲဆောင်ရွက်လျက်ရှိပါသည်။ မတ်လ (၈)ရက်နေ့တွင် Business Coalition for Gender Equality Association အသင်းက Journey to Equality ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားသို့ မက်စ်မြန်မာအုပ်စုမှတာဝန်ရှိသူများသည် BCGEအဖွဲ့ဝင်ကုမ္ပဏီများနှင့်အတူ တက်ရောက်ခဲ့ပြီး ကျား/မ ခွဲခြားမှုမရှိသည့်လုပ်ငန်းခွင် ပိုမိုထွန်းကားလာစေရန် ဆောင်ရွက်မည်ဖြစ်သည်။

## ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ(၆)ဦး Max Myanmar၌ Internshipဆင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် Master of Business Administration (MBA - Batch 25) ပထမနှစ်တက်ရောက်ဖြေဆိုထားသည့် ကျောင်းသူ(၆)ဦးသည် ၂၀၂၀ခုနှစ်အတွက် ပထမအကြိမ်အဖြစ် မတ်လ(၃)ရက်နေ့မှစတင်ကာ မက်စ်မြန်မာကုမ္ပဏီအုပ်စုတွင် Internship ဆင်းကြမည်ဖြစ်သည်။ Max Myanmar Holding၊ Max Myanmar Construction နှင့် Max Energyတို့တွင် (၃)လကြာ Internshipဆင်းကြမည်ဖြစ်သည်။





MAX CEMENT
မက်စ်ဘိလပ်မြေ
10
2010 YEARS 2020
ANNIVERSARY















Max Myanmar Construction ရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေထဲမှာ ဘဏ် တည်ဆောက်ရေးကလည်း အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ဘဏ်ပေါင်း (၂၆၀)ကျော် တည်ဆောက်ပြုပြင်ပေးရတဲ့လုပ်ငန်းဖြစ်တဲ့ အတွက် ဘဏ်တည်ရှိတဲ့မြို့တွေအားလုံးကို ကြည့်မယ်ဆိုရင် မြန်မာပြည်မြေပုံအပြည့်လို့ပဲ ပြောရပါမယ်။ တိုင်းနဲ့ ပြည်နယ်တိုင်း ဘဏ်တွေ အကုန်ဖွင့်ခဲ့တဲ့အတွက် မြန်မာပြည်အနှံ့ရောက် ခဲ့ရပါတယ်။ အားလုံးထဲမှာ ပထမဆုံးဘဏ် တည်ဆောက်ရာနေရာဖြစ်တဲ့ အမှတ်တရရှိတဲ့ လားရှိုး ဧရာဝတီဘဏ်တည်ဆောက်ရေးကို ဦးစွာတင်ပြချင်ပါတယ်။

အဲ့ဒီအချိန်က ဆယ်ဂဏန်းသာသာပဲ ဘဏ်တွေ ဖွင့်ရပါသေးတယ်။ ကျွန်တော်တို့အတွက် တွေ့ကြုံခဲ့ရတဲ့ Risk ကတော့ တစ်ပြိုင်နက်တည်း စတင်ဖြစ်ခဲ့တဲ့ မြိတ်၊ မြစ်ကြီးနား၊ လားရှိုး (၃)ဘဏ်ပါပဲ။ နေရာ အနေအထားက တစ်နေရာစီ၊ သွားရမယ့် ဘဏ်က ၃နေရာဖြစ်တဲ့အတွက် ပစ္စည်းပို့တာ၊ ကန်ထရိုက်တာ စေလွှတ်တာ၊ Schedule အတိုင်း ဝင်အောင် တည်ဆောက်ရေးလုပ်ငန်းလုပ်ခဲ့ရတာ တွေမှာ အခက်အခဲတွေ တွေ့ကြုံရပေမယ့် ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ လားရှိုးမြို့ဟာ မြောက်ပိုင်းရှမ်းပြည်ရဲ့ မြို့တော်ပါ။ သာသနာ နှစ်ထောင့်ငါးရာဘုရား၊ မန်ဆူစေတီနဲ့ မန်ဆူကျောင်း၊ ရန်တိုင်းအောင်စေတီ၊ ဟူမွှန်ဆည်၊ ရေပူစမ်း၊ တရုတ်ဘုံကျောင်း၊ လင်းနို့ဂူ၊ လားရှိုးညဈေး အစရှိတဲ့ အထင်ကရ နေရာတွေ အများကြီးရှိပါတယ်။

# အမှတ်တရ (၁)

**သံမျှင်ဦး**



၁၉၉၅ ခုနှစ်တုန်းက Final စာမေးပွဲအပြီး ကျွန်တော်တို့ YIT က သူငယ်ချင်းတွေ စုပြီး မန္တလေး၊ လားရှိုးကို သွားခဲ့ဖူးပါတယ်။ ရန်ကုန်-မန္တလေးကို ရထားနဲ့သွားပြီး သူငယ်ချင်း စပယ်ဖြူတို့အိမ်မှာ တစ်ညအိပ်ပြီး လားရှိုးကို Sunny Pickup ကားလေးနဲ့ နောက်တစ်နေ့ မနက်စောစော ချီတက်ရပါတယ်။ အဲ့ဒီအချိန်က လားရှိုးမြို့ဂိတ်ကို ညနေ၆နာရီ မထိုးခင်ဝင်မှ မြို့တွင်းကို ဝင်ခွင့်ပြုပါတယ်။ ပြင်ဦးလွင် - နောင်ချိုလမ်းကလည်း ပုံမှန်လမ်း အနေသာရှိပါတယ်။ ဂုတ်ထိပ်၊ ဂုတ်တွင်းပြီးရင် ကျောက်မဲမြို့အဝင်လမ်းကို ကျော်ဖြတ်ပြီး သီပေါလမ်းအထိ၊ သီပေါ - လားရှိုးလမ်း အရမ်းဆိုးတဲ့အတွက် ဖြည်းဖြည်းချင်းသာ ကားကိုမောင်းလို့ရပါတယ်။ နယ်မြေကလည်း မအေးချမ်းဘူး။ ဆောင်းရာသီ ဇန်နဝါရီလ ဖြစ်တော့ လားရှိုးမြို့ကြီးဟာ ၂ဒီဂရီ စင်တီဂရိတ် အအေးဓာတ်နဲ့ ကျွန်တော်တို့ကို ကြိုဆိုခဲ့ပါတယ်။



လားရှိုး ဧရာဝတီဘဏ်တည်ဆောက်မယ်လို့ ညွှန်ကြားချက်ရအပြီးမှာ ဦးစော စီစဉ်ပေးမှုနဲ့ မူဆယ်ဘက်သွားရင်း ဘဏ်တည်ဆောက်မယ့်နေရာကို အကြိုသွားကြည့်ခွင့်ရပါတယ်။ ကျွန်တော်နဲ့အတူ Spine Architect က ကိုတေဇာ၊ ကိုစိုင်းမျိုးတို့လည်းပါလာခဲ့ပါတယ်။ ၂၀၁၁ခုနှစ်ကာလမှာ လမ်းတွေက အလွန်ပဲ ကောင်းမွန်တဲ့အတွက် မန္တလေး-လားရှိုးလမ်းကို အရင်ကလို တစ်နေ့ကုန် မမောင်းရဘဲ မိုင် ၂၀၀ခရီးကို ၆နာရီလောက်သာ အလွန်ဆုံး မောင်းခဲ့ရပါတယ်။ လားရှိုးဘဏ် တည်ဆောက်မယ့်နေရာမှာ အဆောက်အဦဟောင်း ၂ထပ်ဆောင်တစ်လုံးရှိနေပါတယ်။ မီးသတ်မျက်စောင်းထိုး၊ လားရှိုးဈေးအနီး၊ ရှီးမဘဏ်ဘေးက မြေကွက်ဖြစ်ပါတယ်။ မြေပြင်အနေအထားအရ တည်ဆောက်မယ့်ဘဏ် အဆောက်အဦမြေနေရာနဲ့ လားရှိုးလမ်းမကြီးက အဆောက်အဦတစ်ထပ်စာ အမြင့်၁၀ပေ လောက်ကွာပါတယ်။ ရှီးမဘဏ်ဘေး လမ်းသွယ်က ဝင်လာရင် အဆင်မပြေနိုင်မယ့်အနေအထား ဖြစ်ပါတယ်။ ကျွန်တော်တို့ MD ကို အချိန်နဲ့ တစ်ပြေးညီ သတင်းပို့၊ ဓာတ်ပုံတွေ ပို့ပြီးတဲ့ အချိန်မှာ ကားလမ်းမနဲ့ အဆောက်အဦကြား မြေပြင်အမြင့် တစ်နေရာမှာ တံတားထိုးပြီး Design လုပ်ဖို့ ညွှန်ကြားချက်ရခဲ့ပါတယ်။

Design လုပ်ပြီးချိန်မှာတော့ မြေပြင်အနေအထားအရ မြေအောက် Basement တစ်ခြမ်း၊ Ground Floor တစ်ထပ်၊ First Floor Banking Hall နဲ့ Mezzanine Floor တို့ ပါရှိပါတယ်။ Archi Design ကလည်း 3D အရမ်းလှပြီး တံတား Design လှလှလေးနဲ့Impress ဖြစ်လို့နေပါတယ်။

မြေပုံရာဇဝင်အပါအဝင် လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ Design တွေစုပြီး Goverment Authority ထံ အဆင့်ဆင့်တင်ပြအပြီး အောက်တိုဘာလမှာ စတင်တည်ဆောက်ခွင့်ရခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းအတွက် အကြမ်းထည်လုပ်ငန်းကို ရန်ကုန်က နာမည်ကြီး Steel ကုမ္ပဏီပိုင်ရှင် ဥက္ကဌရဲ့အစ်ကိုက တည်ဆောက်ပေးခဲ့ပါတယ်။ သူကိုယ်တိုင်ကလည်း လာရှိုးဇာတိဖြစ်ပြီး လာရှိုးမှာ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေသူဖြစ်ပါတယ်။ တာဝန်ယူနိုင်တဲ့ ကန်ထရိုက်တာအဖွဲ့ဖြစ်တာနဲ့အညီ QA/QC ပိုင်းက အစ Schedule Target အတိုင်း အကြမ်းထည်ပြီးစီးခဲ့ပါတယ်။ အုတ်ကို မြုန်းအုတ်မသုံးဘဲ မန္တလေး၊ ပြင်ဦးလွင် အုတ်တွေကို အသုံးပြုခဲ့ပါတယ်။ အခြားလိုအပ်ပစ္စည်းတွေကိုလည်း ဒေသထွက်မြစ်ကျောက်တစ်ခုသာဝယ်ပြီး လားရှိုးမြို့ရှိ ဆောက်လုပ်ရေးဆိုင်ကြီးများမှ ရရှိခဲ့ပါတယ်။ များသောအားဖြင့် တရုတ်-မူဆယ်ဘက်က ပစ္စည်းတွေဝင်ရောက်ခဲ့ပါတယ်။

Finishing ပိုင်းလုပ်ငန်းတွေအတွက် လိုအပ်တဲ့ Tempered Glass မှန်တွေ၊ Aluminium နဲ့ Composite တွေကို ရန်ကုန်၊ မန္တလေးတို့က တင်သွင်းခဲ့ပါတယ်။ ခွင့်ပြုချက်ပါမစ်ရအပြီး Transformer လျှောက်ခြင်း၊ တံတားခွင့်ပြုချက်ရဖို့၊ မီးသတ်ထောက်ခံချက်ရဖို့ အဆင့်ဆင့် ပြင်ဆင်ခဲ့ရပါတယ်။ လုပ်ငန်းတွေလုပ်ဆောင်နေစဉ်အတွင်း လားရှိုးနယ်ခံညီမ မိုးမိုးက အစအဆုံးကူညီပေးခဲ့ပါတယ်။ မိုးမိုး အဆက်အသွယ်နဲ့ပဲ ဌာနဆိုင်ရာတွေကို ဆက်သွယ်ရမှာလည်း အဆင်ပြေခဲ့ပါတယ်။ တည်ဆောက်ရေးအဖွဲ့ရဲ့ခေါင်းဆောင်ဦးစော၊



အစပိုင်းမှာ မန္တလေးစီမံကိန်းကနေတစ်ပတ် (၁)ကြိမ် လာကြည့်ပေးတဲ့ အင်/ယာသက်ဖြိုး၊ Supervisor တွေ၊ Casher၊ Store အဖွဲ့သားတွေက လားရှိုးဘဏ်ကြီး အချိန်မီပြီးစီးရေး၊ Quality ကောင်းမွန်ဖို့အတွက် အထောက်အကူပြုခဲ့သလို ရုံးချုပ်က ကန်ထရိုက်တာရွေးချယ်ရေးအဖွဲ့ကလည်း အချိန်နဲ့တစ်ပြေးညီ လိုအပ်ချက်တွေကို ပံ့ပိုးထောက်ပံ့ပေးခဲ့ပါတယ်။

လားရှိုးဘဏ် တည်ဆောက်ရေးကာလအတွင်း လေယာဉ်နဲ့တစ်ဖုံ၊ ကားနဲ့တစ်သွယ် ၅ကြိမ် ၆ကြိမ် ရောက်ရှိခဲ့ပါတယ်။ လားရှိုးမြို့ အထင်ကရနေရာတွေလည်း လုပ်ငန်းခွင်လွတ်ကင်းသော အချိန်တိုအတွင်းမှာ ခရီးသွားဟန်လွှဲ ဘုရားပုထိုးများ ဖူးမျှော်ခွင့်ရရှိခဲ့ပါတယ်။ လတ်ဆတ်တဲ့ ရှမ်းရိုးရာအစားအစာ၊ ရှမ်းခေါ်ပုတ်ကြော်တွေလည်း စားခွင့် ရခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းပြီးစီးချိန်မှာ ဧရာဝတီဘဏ်ဘက်ကို အလုပ်အပ်နှံပြီး ဗဟိုဘဏ်က လာရောက်စစ်ဆေးကာ အတည်ပြုချက်၊ ခွင့်ပြုချက်တွေရပြီးမှ ဘဏ်ဖွင့်ခွင့်ကို ၂၀၁၂ စက်တင်ဘာမှာ ရရှိခဲ့ပါတယ်။ ဘဏ်ဖွင့်ပွဲကို



ကျွန်တော်တို့ဆောက်လုပ်ရေးကုမ္ပဏီကဒါရိုက်တာ ကိုယ်တိုင်တက်ရောက်ခဲ့သလို၊ ဧရာဝတီဘဏ် ဘက်ကလည်း DyMD တွေ၊ GMတွေလည်း တက်ရောက်ခဲ့ကြပါတယ်။ ဘဏ်ဖွင့်စက Renovation အဆောက်အဦများနေချိန်မှာ လားရှိုးမြို့က အသစ်တည်ဆောက်ရတဲ့ ဘဏ်က ထူးခြားသစ်လွင်လို့ နေပါတယ်။ လက်ရာ လက်သား ကောင်းမွန်မှု၊ သပ်ရပ်မှုတွေကြောင့် ဘဏ်ဘက်က တာဝန်ရှိလူကြီးမင်းတွေရဲ့ ချီးကျူးစကားတွေ၊ ဂုဏ်ပြုစကားတွေကြောင့် ပင်ပန်းခဲ့သမျှ ချွေးစက်တွေ ပြေပျောက်ခဲ့ရ ပါတယ်။ နယ်အဝေးတစ်နေရာမှာ အခုလိုမျိုး တည်ဆောက်ခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ လုပ်ခွင့်ပေးခဲ့တဲ့ မိခင်ဌာန Max Myanmar Construction၊ အလုပ်အပ်ပေးတဲ့ ဧရာဝတီ ဘဏ်မှ လူကြီးမင်းများကို အထူးပဲ ကျေးဇူး တင်မိပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အသီးအပွင့်တွေကို ရရှိရောက်ရှိလာတဲ့အချိန်မှာ ရရှိလာတဲ့ ပီတိက ဘာနဲ့မှမလဲနိုင်ပါဘူး။ ဘဏ်ဖွင့်ပြီးချိန်မှာလည်း သုံးစွဲသူ အဆင်ပြေမှု အများဆုံးအဆင့်ရရှိခဲ့တဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ အရည်အသွေးမြင့် အဆင့်အတန်းမီတဲ့ အဆောက်အဦတွေကို ဖန်တီးခွင့်ကိုရရှိခဲ့တဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်ရဲ့ ဘဝကို Professional ပီပီ ဆက်လက် လျှောက်လှမ်းသွားပါမယ်။ Max Myanmar Construction ကုမ္ပဏီကြီး ရေရှည် တည်တံ့အောင်မြင်ပြီး အနာဂတ် အောင်မြင်မှု တွေအတွက် ကျွန်တော်တို့နဲ့အတူ New Generation တွေ အတူပူးပေါင်း ဆောင်ရွက်ကြပါစို့လို့။

**သံမျှင်ဦး**








ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေမှုအားထိန်းချုပ်ကာကွယ်ရေးစီမံချက်ကို အထောက်အကူဖြစ်စေရန်၊ ပြည်ပမှ ပြန်လာသူများအဆင်ပြေချောမွေ့စွာQuarantineလုပ်နိုင်ရန်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရောဝတီဖောင်ဒေးရှင်းမှပံ့ပိုးကူညီခဲ့ပါသည်။ ဦးဇော်ဇော်သည် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့်ဆွေးနွေးကာAYA Bankသင်တန်းကျောင်းနှင့်ရန်ကုန်ဘောလုံးအကယ်ဒမီတွင်ထားရှိနိုင်ရန် အနီးကပ်ကြပ်မတ်ဆောင်ရွက်ထားပါသည်။







ကူးစက်မြန် COVID19 ကြိုတင်ကာကွယ်ရန်နှင့် မြန်မာနိုင်ငံတွင်ဖြစ်ပွားလာခဲ့ပါက ထိရောက်စွာထိန်းချုပ်၊ ကုသနိုင်ရန်အတွက် ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင်အရေးပေါ်လိုအပ်နေသော ငွေကျပ်သိန်း(၁၀၀၀) တန်ဖိုးရှိ ဆေးရုံသုံးစက်ပစ္စည်းများ၊ ကာကွယ်ကုသရေးအသုံးအဆောင်များကို ရောဝတီဖောင်ဒေးရှင်းနှင့်အတူ မက်စ်မြန်မာကုမ္ပဏီအုပ်စု၊ ရောဝတီဘဏ်လီမိတက်နှင့် AYA SOMPO Insurance တို့မှ ပံ့ပိုးကူညီပေးခဲ့သည်။



# COVID-19စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းစဉ် အတွက် ရောဝတီဖောင်ဒေးရှင်းပြင်ဆင်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေမှုအား ထိန်းချုပ်ကာကွယ်ရေးစီမံချက်ကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ပြည်ပမှပြန်လာသူများ အဆင်ပြေချောမွေ့စွာ သီးခြားနေထိုင်နိုင်ရန် အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ရောဝတီဖောင်ဒေးရှင်းမှ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါသည်။ မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌဦးဇော်ဇော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏လမ်းညွှန်ချက်အတိုင်းAYA Bankသင်တန်းကျောင်းနှင့် ရန်ကုန်ဘောလုံး အကယ်ဒမီသင်တန်းကျောင်းတို့ကို အနီးကပ် စောင့်ကြည့်ရေးနေရာများအဖြစ် ထားရှိနိုင်ရေးနှင့် စောင့်ကြည့်ခံသူများအတွက် မနက်စာ၊ နေ့လယ် စာ၊ ညစာများကို Novotel Yangon Max မှလည်း မတ်လ ၂၂ရက်နေ့မှစတင်၍ ပြင်ဆင်ပို့ပေးနိုင်ရေး အနီးကပ်ကြပ်မတ် စီစဉ်ဆောင်ရွက်နေပါသည်။



## မက်စ်မြန်မာရုံးချုပ်၌ ဆေးဖျန်းမှုများပြုလုပ်

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်တားဆီးနိုင်စေရန်အတွက် မက်စ်မြန်မာရုံးခန်းများ၊ အစည်းအဝေးခန်းမများ၊ ထမင်းစားဆောင်၊ အများသုံးသန့်စင်ခန်းများ၊ ရုံးခြံဝန်းပရဝုဏ်အတွင်းနှင့် ရုံးကားများ၊ ကြိုပို့မော်တော်ယာဉ်များ ပိုးသတ်ဆေးဖြန်းခြင်းကို ပြီးခဲ့သည့် မတ်လ ၂၈ရက်(စနေနေ့)က မက်စ်မြန်မာရုံးချုပ်၌ ဆောင်ရွက်ခဲ့ပါသည်။







# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များအားလုံးကို မတ်လ (၂၄)ရက်နေ့မှစ၍ ရွှေ့ဆိုင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ (၂၃.၃.၂၀၂၀) ရက်နေ့ ည ၁၁:၄၅ နာရီ ထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံနှင့် ရန်ကုန်မြို့ဝေဘာဂီ ဆေးရုံတို့၌ စောင့်ကြပ်ကြည့်ရှုခြင်းခံထားရသော လူနာ(၂)ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ ရောဂါပြန့်ပွားကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အသင်းအားလုံးနှင့် ညှိနှိုင်းကာကွင်းပိတ်ကျင်းပလျက်ရှိသော မြန်မာနေရှင်နယ်လိဂ်မှ ကြီးမှူးကျင်းပနေသည့်ဘောလုံးပြိုင်ပွဲများအားလုံးကို မတ်လ (၂၄)ရက်မှ စတင်ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။

ပွဲစဉ်များ ပြန်လည်ကျင်းပမည့်ရက်နှင့် အစီအစဉ်များကို အသေးစိတ် ပြန်လည်၍ ကြိုတင်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

## News In Brief

- ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ဇူလိုင်လ ၂၄ရက်တွင် စတင်ရန်လျာထားသော တိုကျိုအိုလံပစ်ပွဲတော်ကို လာမည့်နှစ် ၂၀၂၁တွင်မှကျင်းပရန် ဆုံးဖြတ်လိုက်ကြောင်း ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က မတ်လ ၂၄ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

- ယခုရာသီ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲများကိုထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်က မတ်(၂၃)၌ ကြေညာခဲ့သည်။ မူလက ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မေ(၃၀)နှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲကို မေ(၂၇)တွင် ကျင်းပရန်စီစဉ်ခဲ့ပြီး ယခုအခါ မည်သည့်ရက်၌ ကစားမည်ကို ထုတ်ပြန်ခြင်းမရှိသေးပေ။



# ကိုဗစ်အကျပ်အတည်းကိုမကိုင်တွယ်နိုင်လျှင် အခက်အခဲဖြစ်မည်ဟု ကမ္ဘာ့အေဂျင်စီ၃ခုဆို

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအကျပ်အတည်းကို ထိရောက်စွာကိုင်တွယ်နိုင်ခြင်းမရှိလျှင် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာပြတ်လပ်မှုများဖြစ်လာနိုင်ကြောင်း ကမ္ဘာလုံးဆိုင်ရာ အေဂျင်စီကြီးသုံးခု၏ အကြီးအကဲများက ဧပြီ ၁တွင် သတိပေးပြောကြားခဲ့သည်။ "စားနပ်ရိက္ခာရဖို့ မရေမရာဖြစ်တာကြောင့် ပို့ကုန်ကန့်သတ်တာတွေ၊ တသီတတန်းကြီး ဖြစ်လာပြီး ကမ္ဘာ့ဈေးကွက်မှာ ပြတ်လပ်မှုတွေ ဖြစ်လာခဲ့ပါတယ်"ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဥက္ကဋ္ဌ ချူတုန်ယွီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဥက္ကဋ္ဌ တေဒရိုအာဒါနန်ဂီဘရီရေဆု၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဥက္ကဋ္ဌ ရောဘတ်တိုအာဇီဗေဒိုတို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

*Ref: Eleven Media Group*

## News In Brief

- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာနိုင်ငံ၏နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိရာ ဧပြီ၁ရက်အထိ ၅၄.၅၈သန်းရှိကြောင်း ပြည်သူ့အင်အားဦးစီးဌာနက သတင်းထုတ်ပြန်ထားပြီး လူနေထူထပ်မှုအများဆုံးအဖြစ် လူဦးရေ ၈သန်းကျော်ဖြင့်ရန်ကုန်တိုင်းက ထိပ်ဆုံးဌရှိနေပြီးကယားပြည်နယ်မှာအနည်းဆုံးဖြစ်သည်။

- အီတလီတွင် COVID-19 ကြောင့် ဧပြီ ၁ အထိ လူ (၁၃,၁၅၅)ဦး သေဆုံးခဲ့ရပြီးနောက် ဗိုင်းရပ်စ်ကူးစက်မှုအား ဟန့်တားနိုင်ရန်အတွက် စီးပွားရေးအရ အလွန်အမင်းအထိနာစေသော lockdown လုပ်မှုကို ဧပြီ ၁၃အထိ သက်တမ်းတိုးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂူဆက်ပီကွန်တေက ဧပြီ ၁ တွင် ကြေညာခဲ့သည်။




# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် Hotel Max (Nay Pyi Taw) ပြင်ဆင်ဆောင်ရွက်

COVID-19နှင့်ပတ်သက်၍ Hotel Max (Nay Pyi Taw)သို့ လာရောက်တည်းခိုသော ဧည့်သည်တော်များနှင့်ဝန်ထမ်းများ၏ဘေးကင်းလုံခြုံမှုကို ဦးစားပေးအနေဖြင့် သတ်မှတ်ထားပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို အစဉ်မပြတ် လုပ်ဆောင်လျက်ရှိနေပါသည်။ ဟိုတယ်အခန်းများ နှင့် Public Area များကိုလည်း သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖြန်းခြင်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။ ဧည့်သည်များအနေဖြင့်လည်း ကိုယ်အပူချိန်စစ်ဆေးခံခြင်း၊ Hand Sanitizerများကို လည်း လိုအပ်သလို အသုံးပြုနိုင်ရန်ထားရှိပေးထားပြီး ဟိုတယ်ဝန်ထမ်းများ အနေဖြင့်လည်း Surgical Mask နှင့် Glove အစရှိသည့် တစ်ကိုယ်ရည်ကာကွယ်ရေး အသုံး အဆောင်များဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး ဧည့်သည်တော်များနှင့် ဝန်ထမ်းများအားလုံး စိတ်ရော/ကိုယ်ပါ လုံခြုံစိတ်ချနိုင်စေရန် Hotel Max (Nay Pyi Taw) မှ အကောင်းဆုံးကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

## Novotel Hotelဝန်ထမ်းများထောက်ပံ့မှုရရှိ

ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးအစီအမံများ ဆောင်ရွက်နေသည့် Max Hotels Groupသည် Novotel Yangon Maxမှ ဝန်ထမ်းများအတွက် အဓိကအခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥစသည့် အစားအစာများကို ၂၀၂၀ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ကူညီထောက်ပံ့ဝေမျှပေးခဲ့ပါသည်။




GCL® INTERNATIONAL

*Certificate of Registration*

*This is to certify that the*

**QUALITY MANAGEMENT SYSTEM**

*of*

**Max Myanmar Construction Co., Ltd.**

**No. 123, Alanpya Pagoda Road, Dagon Township, Yangon, 11191, MYANMAR**

*for*

**General Construction of Buildings & Infrastructure**

*has been assessed and registered against the provisions of*

**ISO 9001:2015**

*International Standard*

*with*

| | | | |
|---|---|---|---|
| Registration Number: | 66Q20622 | Cycle Start Date: | 30 March 2020 |
| Project: | 55-20622-1-Q | Approval Date: | 30 March 2020 |
| | | Issue Date: | 30 March 2020 |
| Certification Approved By: | | Expiry Date: | 30 March 2023 |

Gary Jones
Chief Executive Officer

IAF MEMBER OF MULTILATERAL RECOGNITION ARRANGEMENT

UKAS MANAGEMENT SYSTEMS 5965

This certificate remains the property of GCL International Ltd. The Registration is subject to the Scheme Rules which are published at www.gcl-intl.com. Any misuse, alteration, forgery or falsification is an unlawful act. Please validate the authenticity of this certificate by visiting www.gcl-intl.com

GCL INTERNATIONAL LTD
Level 1, Devonshire House, One Mayfair Place, London, W1J 8AJ, United Kingdom.

S/N: 80011107
PIN: 57474711




**ISO 9001:2015 Certified Company**
**Registration No: 66Q20622**

# General Construction of Buildings & Infrastructure ISO Certificate မက်စ်မြန်မာဆောက်လုပ်ရေးရရှိ

Max Myanmar Construction အနေဖြင့် ပိုမိုတိကျကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်နိုင်ရန် ISO 9001: 2015 Certificate ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ External Audit စစ်ဆေးမှုများကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် ရုံးချုပ်နှင့်လုပ်ငန်းခွင်များတွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါစစ်ဆေးမှုများကို UK အခြေစိုက် GCL International Audit Ltd. မှ လာရောက်ပြုလုပ်ခဲ့ပြီး General Construction of Buildings & Infrastructure အတွက် ISO 9001:2015 Certificate ကို ၂၀၂၀ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။

## COVID-19 BCPနှင့် ပတ်သက်၍ ကုမ္ပဏီခွဲ၊ ဌာနခွဲများဆွေးနွေး

မက်စ်မြန်မာမှ အုပ်ချုပ်မှုတာဝန်ခံများသည် COVID-19အရေးနှင့်ပတ်သက်၍ Business Continuity Planningများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မတ်လ ၂၅ရက်နေ့က သက်ဆိုင်ရာကုမ္ပဏီခွဲ၊ ဌာနခွဲများမှ တာဝန်ခံများအားလုံးနှင့် Video Conferencing Meetingပြုလုပ်၍ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။



# CORONAVIRUS
## 2019-nCoV

## ကာကွယ်နိုင်မည့် နည်းလမ်းများ



စနစ်တကျဆေးကြော
ထားခြင်းမရှိသော
လက်ဖြင့် မျက်လုံး၊
နှာခေါင်းနှင့်ပါးစပ်တို့အား
လုံးဝမထိပါနှင့်။





ထိတွေ့ကိုင်တွယ်ရမည့်
မျက်နှာပြင်များ၊
အရာဝတ္ထုများကို
သေချာစွာ ရှင်းလင်း
သန့်စင်ထားပါ။

---

ဖျားနာနေသူများနှင့်
တိုက်ရိုက်ထိတွေ့
ဆက်ဆံခြင်း
မပြုပါနှင့်။







စနစ်တကျချက်ပြုတ်
ထားခြင်းမရှိသော၊
မကျက်သော အစား
အစာများကိုစားသုံးခြင်း
လုံးဝမပြုပါနှင့်။

---

လက်ကို ရေ၊ ဆပ်ပြာ (သို့)
Hand Sanitizerဖြင့်
အနည်းဆုံး စက္ကန့် ၂၀
ကြာအောင် မကြာခဏ
ဆေးကြောပါ။








နှာချေ၊ ချောင်းဆိုးပါက
နှာခေါင်းနှင့်ပါးစပ်ကို
တစ်သျှူး(သို့)တံတောင်
ဖြင့်ဖုံးအုပ်ပါ။ ထိုတစ်သျှူး
ကို သေချာစွာစွန့်ပစ်ပါ။

---

ရောဂါလက္ခဏာတစ်စုံ
တစ်ရာခံစားရပါက နီးစပ်ရာ
ကျန်းမာရေးဌာနတွင် ဆေး
ကုသမှုခံယူ၍သက်ဆိုင်ရာ
ဌာနသို့အကြောင်းကြားပါ။





အစားအသောက်များနှင့်
အသုံးအဆောင်များကို
အတူဝေမျှသုံးစွဲခြင်း၊
စားသောက်ခြင်း လုံးဝ
မပြုလုပ်ပါနှင့်။

---

မလိုအပ်ဘဲ
ပြင်ပသို့သွားလာခြင်း
မပြုပါနှင့်။
မိမိနေအိမ်တွင်သာ
နေထိုင်ပါ။





လူထူထပ်ရာ
နေရာများကို
ရှောင်ကြဉ်ပါ။ မည်သူနှင့်
မဆို အနည်းဆုံး ၃ပေ
အကွာ၌သာနေပါ။

MAX MYANMAR GROUP